The Standard Time Daily
www.sdtimedaily.com
www.facebook.com/standardtimedaily

လန်ချန်း-မဲခေါင် OUTLOOK • ပွင့်လင်းသောတရုတ်နိုင်ငံ

# “ထွက်ခွာနိုင်ခြင်း” မှသည် “အဆင်ပြေချောမွေ့ခြင်း” သို့



အယ်ဒီတာ့အာဘော် ။ ။ ဇူလိုင် ၁၅ ရက်မှ ၁၈ ရက်အထိ တရုတ်ကွန်မြူနစ်ပါတီ အကြိမ်(၂၀) မြောက် ဗဟိုကော်မတီ တတိယ အကြိမ် မျက်နှာစုံညီအစည်းအဝေး ကို ပေကျင်းမြို့တွင် ကျင်းပခဲ့သည်။ အစည်းအဝေးပြီးနောက် ထုတ်ပြန်ခဲ့သည့် ကြေညာစာထဲတွင် သဘောတရားအသစ်များ ပါဝင်ခဲ့သည်။ ၎င်းတို့ထဲတွင် “ပြောင်းလဲပြုပြင်ရေး”၊ “ဖွံ့ဖြိုးတိုးတက်ရေး”၊ “တရုတ်နိုင်ငံ အသွင်သဏ္ဍာန် ခေတ်မီလာစေရေး” စသည့် အဓိကစကားလုံးများသည် ကြိမ်ဖန်များစွာ ထွက်ပေါ်လာခဲ့ပြီး တရုတ်နိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကအချက်ပြမှုကို ထုတ်လွှင့်ပေးနေပါသည်။ တရုတ်နိုင်ငံအသွင်သဏ္ဍာန် ခေတ်မီလာစေရေးသည် ပြောင်းလဲပြုပြင်ရေး လုပ်ဆောင်ရာတွင် စဉ်ဆက်မပြတ် တွန်းအားပေးနိုင်ခဲ့ပြီး ပွင့်လင်းမြင်သာမှုသည် တရုတ်နိုင်ငံအသွင်သဏ္ဍာန် ခေတ်မီလာစေရေး၏ မြင်သာထင်ရှားသော သင်္ကေတဖြစ်လာခဲ့သည်။ ယခုအပတ်စဉ်တွင် ကျွန်ုပ်တို့သည် တရုတ်-မြန်မာ နယ်စပ်ရှိ တယ်ဟုန် တိုင်(ရှမ်း)၊ ဂျိန်းဖောတိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ခွဲသို့ သွားရောက်၍ တရုတ်နိုင်ငံ ပွင့်လင်းမြင်သာလာသည့် သွေးကြောကို ခံစားသိရှိလာစေမည်ဖြစ်သည်။

နံနက် ၁၀ နာရီအချိန်တွင် တယ်ဟုန်ပြည်နယ်ခွဲ ရွှေလီနယ်စပ်ဂိတ်တွင် ပစ္စည်းပို့သော မော်တော်ဆိုင်ကယ်များ၊ မော်တော်ကားများသည် တရုတ်-မြန်မာလမ်း၏ လမ်းကြောင်းတွင် အပြည့်တန်းစီနေကြပြီး ကုန်တင်လမ်းကြောင်းအတွင်းတွင် အဝါရောင်ကားလိုင်စင်ပြား တပ်ဆင်ထားသော တရုတ်ကုန်တင်ကားတစ်စီးသည် ကုန်စည်ဝင်းနံဘေးရှိ ပြောင်းလဲပို့ဆောင်ရေးဇရိယာတွင် ရပ်နားထားသည်။ ကားခေါင်းနှင့် ကွန်တိန်နာတို့ ချိတ်ဆက်နေမှုကို ဖြုတ်ချနေပြီး သုံး၊ လေးမိနစ်အကြာ၌ ကွန်တိန်နာကို အနီရောင် ကားလိုင်စင်ပြား တပ်ဆင်ထားသော မြန်မာကားခေါင်းနှင့် ချိတ်ဆွဲပေးလိုက်ကာ ဘက်ပေါင်းစုံ စစ်ဆေးမှုများပြီးနောက် ကုန်အပြည့်တင်ဆောင်ထားသည့် ကားသည် မြန်မာနိုင်ငံသို့ ဦးတည်မောင်းနှင်သွားသည်။

နယ်ဝင်ခန်းမကြီးထဲတွင် လူနှင့်သက်သေခံကတ်ပြားများ တိုက်စစ်ခြင်း၊ စိစစ်ရေးကတ်ပြားများ စစ်ဆေးခြင်း၊ တံဆိပ်နှိပ်ခွင့်ပြုခြင်း၊ အလျင်အမြန် လွှဲအပ်ခြင်း စသည့်လုပ်ငန်းစဉ်များကို အစီအစဉ်ကျစွာ ဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံတွင် ကုန်စုံဆိုင်ဖွင့်လှစ်ထားသည့် မြန်မာနိုင်ငံသားတစ်ဦးသည် နေ့စဉ်နေ့တိုင်း ရွှေလီနယ်စပ်ဂိတ်မှ နယ်ဝင် နယ်ထွက် လုပ်ဆောင်ရသည်။ နယ်စပ်ဖြတ်ကျော်ခြင်းနှင့် ပတ်သက်၍ ခံစားရသည်များကို “နယ်စပ်စစ်ဆေးရေးလုပ်ငန်းစဉ်က ပေါ့ပါးလျင်မြန်ပါတယ်။ နေ့တိုင်း အသွားအပြန် စီးပွားရေးလုပ်နေတာကိုလည်း အလုပ်ရှုပ်တယ်လို့ မထင်ပါဘူး။ ဝင်ငွေကလည်း အရင်ထက် အများကြီးတိုးလာပါတယ်”ဟု သူမက ပြောပြသည်။

ရွှေလီ နယ်စပ်ဂိတ်သည် တရုတ်-မြန်မာနယ်စပ်တွင် အကြီးမားဆုံးသော ကုန်းတွင်းပိုင်းနယ်စပ်ဂိတ်ဖြစ်ပြီး တရုတ်-မြန်မာကုန်စည်ကူးသန်းရောင်းဝယ်မှုထဲတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေသည်။ ယခုနှစ် ဇွန် ၃၀ ရက်အထိ ရွှေလီမြို့ လူဝင်မှုကြီးကြပ်ရေးစခန်းလက်အောက်ခံ နယ်စပ်ဂိတ်များနှင့် လမ်းကြောင်းများမှ နယ်ဝင်နယ်ထွက် ခရီးသွား စီးဆင်းမှုမှာ လူဦးရေ ၂. ၆၆၀၄ သန်းအထိ ရောက်ရှိခဲ့ပြီး ယမန်နှစ်ကာလတူထက် ၁၃၁% တိုးပွားလာသည်။ နယ်ဝင်နယ်ထွက် လမ်းပန်းဆက်သွယ်ရေးယာဉ်အစီးရေ ၃. ၉၃၆ သိန်းရှိခဲ့ပြီး ယမန်နှစ်ကာလတူထက် ၄၇. ၇၃% တိုးပွားလာသည်။

တရုတ်-မြန်မာနှစ်နိုင်ငံသည် ရှေးယခင်ကတည်းကပင် အိမ်နီးနားချင်းကောင်းအဖြစ် နေထိုင်ခဲ့ကြပြီး နယ်စပ်နေပြည်သူပြည်သားများသည် အပြန်အလှန် အရောင်းအဝယ်လုပ်လာသည့် သမိုင်းကြောင်းမှာ ရှည်ကြာလှပြီ ဖြစ်ပါသည်။ ယခုနှစ်ပိုင်းများတွင် ယူနန်ပြည်နယ်သည် တရုတ်နိုင်ငံက တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများအား မျက်နှာမူပြုသော ကျယ်ကျယ်ပြန့်ပြန့် အကျိုးသက်ရောက်ရေးစင်တာကို အရှိန်အဟုန်မြှင့်တင်၍ တည်ဆောက်လျက်ရှိသည်။ တရုတ်-မြန်မာနယ်စပ်နေပြည်သူပြည်သားများ၏ ကုန်သွယ်ရေးဖွံ့ဖြိုးတိုးတက်မှုသည် အလျင်အမြန်တိုးတက်ပြီး တရုတ်-မြန်မာနယ်စပ်တစ်လျှောက် ပွင့်လင်းစွာ ဖွံ့ဖြိုးတိုးတက်လာစေသည့် အင်အားတစ်ရပ်ဖြစ်နေသည်။

လုံချွမ်းခရိုင် ကျန်းဖုန်းနယ်စပ်ဂိတ်၏ နယ်စပ်နေပြည်သူပြည်သားများ အပြန်အလှန် ဈေးကွက်ဖြစ်ပေါ်ရေး ဘက်ပေါင်းစုံ ဝန်ဆောင်မှုခန်းမတွင် နယ်စပ်နေပြည်သူပြည်သားကိုယ်စားလှယ်က ပေါင်းစပ်လုပ်ဆောင်ရေးစက်၌ စစ်ဆေးမှု၊ ကုန်ပစ္စည်းအခြေအနေများကို သေချာစေမှုများ လုပ်ဆောင်နေသည်။ တိုတောင်းလှသော သုံး၊ လေးမိနစ်တာအတွင်း လုပ်ငန်းစဉ်တစ်ခုလုံးကို ပြီးစီးကာ ကုန်စည်များသည် ဒုတိယအဆင့်ဈေးကွက်သို့ အဆင်ပြေချောမွေ့စွာ ဝင်ရောက်သွားသည်။ ကိန်းဂဏန်းဒေတာထဲတွင် ဗိုလ်စားပဲ၊ ငှက်ပျောသီး၊ ကြံ၊ ဖရဲသီးတို့သည် လူကြိုက်များသော အပြန်အလှန် ဈေးကွက်ဖြစ်ပေါ်ရေး ထုတ်ကုန်ဖြစ်လာခဲ့ပါသည်။ ဇူလိုင် ၉ ရက်အထိ ဝင်ရောက်လာသည့် သွင်းကုန်ထုတ်ကုန် ကားများသည် အစီးရေ ၁. ၅ သောင်းကျော်ခဲ့ပြီး ကုန်သွယ်မှု ငွေပမာဏသည် ယွမ်သန်း ၃၂၀ ကျော်ခဲ့သည်။

တရုတ်-မြန်မာနယ်စပ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၏ ရှေ့တန်းနေရာတစ်ခုအဖြစ် ရွှေလီနယ်စပ်ဒေသတစ်လျှောက် ကုန်လုပ်ငန်းဇုန် ဟွမ်ရှန်းစက်မှုဇုန် ဧရိယာတွင် သွက်လက်သော တင်ပို့မှုများ လုပ်ဆောင်သော ကုမ္ပဏီလုပ်ငန်းများ အခြေစိုက်ထားသည်။ တရုတ်-မြန်မာနှစ်နိုင်ငံမှ လုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပံ့ပိုးပေးနိုင်ခဲ့သည်။ ညနေခင်းအချိန်တွင် အဆိုပါဇုန်ဧရိယာ၏ လုပ်သားအဆောင်ဝင်းအတွင်းတွင် ချစ်ကြည်ရေးခြင်းလုံးပြိုင်ပွဲတစ်ရပ် ဆင်နွှဲနေကြသည်။

YOUNGOR (ရွှေလီ) ကုမ္ပဏီလီမိတက်မှ မောင်ကျော်မင်းဦးသည် ကော်လံမီးပူတိုက်ရသည့် အလုပ်ရုံဝန်ထမ်းတစ်ဦးဖြစ်သည်။ ပြိုင်ပွဲတွင်မူ အသင်း၏ “အမှတ်ရာဘုရင်”ဖြစ်ပါသည်။ အဆိုပါဇုန်ဧရိယာသို့ အလုပ်လာလုပ်သည်မှာ နှစ်လ မပြည့်သေးသည့် သူ့အတွက်တော့ ဇုန်ဧရိယာမိသားစုကြီး၏ နွေးထွေးမှုနှင့် သာယာချမ်းမြေ့မှုများကို လက်တွေ့ကျကျ ခံစားသိရှိခဲ့ရသည်။ “ဒီနေရာမှာ အလုပ်လုပ်ရတာ အလွန်ဝမ်းသာပါတယ်။ အားလုံးက မိသားစုဝင်တွေလိုပဲ ချစ်ခင်ကြပါတယ်”ဟု မောင်ကျော်မင်းဦးက ပြောဆိုသည်။










